
စိုးစိုးစာပေ
ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)
မိုးသည်းညကာရန်

# အခန်း(၁)

'ဖုံဖုံဖူးကို' က အဘွား ဒေါ်စိန်မိုးကြွယ်ကို ခပ်ငေးငေးကြည့်နေမိသည်။

အဘွားကြွယ် မျက်လုံးတွေက ရီဝေမှုန်မှိုင်း အားဖျော့နေသည်ဆိုပေမယ့် တစ်သက်လုံးက ထက်မြက်ဖွဲ့သန်ခဲ့သော အရိပ်တွေက ထိုမျက်လုံးအရောင်မှိန်မှိန်မှာ ထင်ဟပ်ဆဲ။

မျက်နှာက ချောင်ကျနေသည်။ ပါးရည်တို့က တွန့်နေတာ သိသာလှ၏ ။ ဘွားကြွယ်လည်ပင်းမှာ စကားပြောနေစဉ်တုန်းက အရေပြား တွန့်ပျော့ပျော့တို့ လှုပ်ရှားသွားတာ မြင်ရသည်။

အခုတလောမှာ ဒေါ်စိန်မိုးကြွယ်ပုံစံက အလွန်ပိန်ကျသွားပါသည်။ သို့သော် အရင်တုန်းက ဘောလုံးကေ ဟုခေါ်သည့် ဆံပင်ပုံစံတိုတိုဖောင်းဖောင်း လုံးလုံးလေးကို အဘွားက ဆေးဆိုး ပုံသွင်းထားဆဲပါ။ နားမှာ စိန်နားကပ် အပြားအဝိုင်း ခပ်ကြီးကြီးကို ပန်ထားဆဲ။ လည်ပင်နှင့် အကပ် စိန်လော့ကက်သီးကိုလည်း ဆွဲထားဆဲ။

ပုံသဏ္ဍာန်က မာန်ရှိနေတုန်းပင်။

စကဒ်အရှည်နှင့် လောင်းကုတ်ကို သပ်ရပ်အောင် ထပ်ဝတ်ထားပုံက အဆင့်အတန်း မြင့်မြင့် အဘွားကြီးမှန်း သိသာစေ၏ ။

စကားပြောလျှင် လေသံအေးအေးနှင့် တစ်ခွန်းချင်း နားဝင်အောင်ပြောတတ်ပေမယ့် အသံကတော့ မာပြီး ပြတ်သားသည်။ လုံးဝမပျော့ညံ့။

ရှေ့နေဦးသာညဏ် ရုံးခန်းမှထွက်ခွာသွားလျှင် အဘွားကြွယ်က သက်ပြင်းတချနှင့် ပြတင်းပေါက်နားသို့ ဖြည်းဖြည်းလျှောက်သွားသည်။ လုပ်ငန်းတာဝန်တို့ ပြီးစီးသွားပြီ။

ဒီတလောအတွင်း အကြိမ်ကြိမ် တိုင်ပင်ညှိနှိုင်းပြီး လက်မှတ်ထိုးစရာ ကိစ္စအားလုံး ရေးထိုးပြီးစီးသွားလေပြီ။

"အဟွတ် ... အဟွတ် ... အဟွတ်"

လက်ကိုင်ပဝါနှင့် နှုတ်ခမ်းကို လုံအောင်အုပ်ထားပြီးမှ အဘွားက ချောင်းဆိုသည်။

အဆုတ်ကင်ဆာပါလို့ သိထားပြီးပါလျက် ဒီလိုသွားလာလှုပ်ရှားနေသေးတာကို ဖုံ အံ့ဩသည်။

စိတ်ဓာတ်ကြံ့ခိုင်ပုံက လက်ဖျားခါချင်စရာပါ။

အဘွားကြွယ်သည် ဖုံ့ရှေ့မှာ အမြဲတမ်း စံပြအဖြစ် မားမားမတ်မတ် ရပ်ခဲ့သည်။

မိုးကြွယ် ကုမ္ပဏီတစ်ခုလုံးကို အဘွားပဲ ဦးဆောင်လာတာ။

ဖုံဖုံကတော့ အဘွားရဲ့ မွေးစားသမီးလည်းဟုတ်သည်။ အဘွားရဲ့ ပါစင်နယ်စက္ကထရီဆိုလည်း ဟုတ်သည်။ ကိုယ်ရေးကိုယ်တာ အတိုင်ပင်ခံဆိုလည်း မမှားပါ။

မိဘတွေ လက်ထက်ကတည်းက ဒေါ်စိန်မိုးကြွယ်နှင့် ခင်မင်ရင်းနှီးလာခဲ့ပြီး အဘွားရဲ့ ကျေးဇူးတွေ သူမတို့ မိသားစုအပေါ်မှာ အများကြီး ရှိခဲ့ဖူးသည်။

ဒါကြောင့်လည်း မေမေက အဖော်မဲ့ အထီးကျန်ဖြစ်နေသော အဘွားကြွယ်နားမှာ နေပေးဖို့ ပြုစုစောင့်ရှောက်ပေးဖို့၊ ကုမ္ပဏီကိစ္စအလုံးစုံ

ရှေ့ကနေ ဝင်ရောက်လုပ်ကိုင်ပေးဖို့ ဘွားကြွယ်ရဲ့ ကျေးဇူးကို ရတတ်သရွေ့ဆပ်သွားဖို့ စသဖြင့် မှာကြားပုံသွင်းခဲ့သည်။

ဒေါ်စိန်မိုးကြွယ်ကလည်း ဖုံဖုံကို သမီးရင်းနှင့်မခြား ချစ်ခင်နွေးထွေးသည်။

ဖုံသည် ထက်မြက်မာကျောသယောင်ရှိသော အဘွားကြွယ်ရဲ့ နှလုံးသားနူးညံ့မှုကို သိသည်။ အဘွားရင်ထဲက ခံစားမှုကို နားလည်သည်။ ထို့ကြောင့် ဘွားကြွယ်အား အမြဲကရုဏာသက်ရပါသည်။

တကယ်တော့ ဘွားကြွယ်ဘဂက အထီးကျန်သည်။ ခင်ပွန်းကွယ်လွန်သွားပြီးကတည်းက ဘဂကို တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားလာတာ။

တစ်ဦးတည်းသော သားတစ်ယောက်ရှိပေမယ့် အစောကြီးကတည်းက အမွေပြတ်စွန့်လွှတ်ထားပြီး အဆက်အသွယ်မလုပ်။

ဘွားကြွယ်၏ ဓာတ်လမ်းကို မေမေ့ဆီကတဆင့် ဖုံ ကြားဖူးသည်။

ယခင်ကတော့ ဘွားကြွယ်က အတိတ်အကြောင်းတွေ သူမကို တစ်ခွန်းမှ ဖွင့်ဟမပြောပါ။

အိမ်ကြီးထဲမှာ အခြွေအရံတို့နှင့် သူ့ဘာသာတစ်ယောက်တည်း နေထိုင်သည်။

ယခု နောက်ဆုံးအချိန် ရောက်လာမှသာ ယခင်က အကြောင်းတွေ ဖုံဖုံကို ဖွင့်ဟရှင်းပြတာဖြစ်သည်။

"ငါ့မှာ မြေးယောကျ်ားလေးတစ်ယောက်ရှိတယ်၊ မြင်တော့ မမြင်ဖူးဘူး၊ ဓာတ်ပုံတော့ရှိတယ်၊ စိတ်နာလို့ ဘာတစ်ခုမှ လှည့်မကြည့်ခဲ့တာလေ"

ဆွေးဆွေးမြည့်မြည့် ပြောပြသည်။

“အခုတော့ သူ့အမေလည်း လွန်ခဲ့တဲ့ ခြောက်လလောက်က ဆုံးသွားပြီလို့ သတင်းရတယ်”

ဘွားကြွယ်သည် အခုတော့ ချစ်ခြင်း မုန်းခြင်း သဘောတရားတွေ ဘာမှမရှိတော့ဘဲ သံဝေဂရနေပုံ ပေါ်သည်။

သူမ၏ သားဖြစ်သူမှာလည်း နိုင်ငံရပ်ခြားမှာပင် ကွယ်လွန်တိမ်းပါးသွားခဲ့ပြီ မဟုတ်ပါလား။

သူ့မျိုးဆက်ဆိုလို့ ရှားရှားပါးပါး မြေးတစ်ဦးသာ ရှိတော့သည်။

အဘွားက အခုတော့ ထိုမြေးကို သူ့ထံခေါ်ယူစောင့်ရှောက်ဖို့ ဆုံးဖြတ်ချက်ကျနေပြီ။

“အဘွား”

“ဟေ”

“ဆေးသောက်ဦးလေ၊ ဆေးပါလာတယ် မဟုတ်လား”

“မသောက်ချင်တော့ပါဘူး သမီးရယ်”

“အို ... ဒီလိုဘယ်ဟုတ်ပ့ါမလဲ၊ ဇုံ ယူပေးမယ်၊ မနက်ဖြန်ကိုပဲ ဆေးရုံတက်ရတော့မယ့်ဥစ္စာ၊ ဘွားကြွယ် အိမ်မှာ အနားယူနေတာမဟုတ်ဘူး၊ ဘာလို့ ရုံးထိလိုက်လာတာလဲ၊ ဦးသာညဏ်လာတာနဲ့ ဇုံက အဘွားအိမ်လိုက်လာမလို့ စီစဉ်ထားပြီးသားကို ဘွားကြွယ်ကလည်းနော်”

ဇုံဇုံဖူးကိုက ဗျစ်တောက်ဗျစ်တောက် လုပ်နေသဖြင့် ဘွားကြွယ်က ပြုံးသည်။

သြော် ... သွေးသားမတော်ပေမယ့်လည်း ဒီကလေးမလေးက ကိုယ့်အပေါ် အမေရင်းလို အဘွားရင်းလို ချစ်ကြင်နာသည်။

သမီးရင်းရှိရင်တောင် ဒီလို ကိုယ့်အပေါ် ကောင်းပါ့မလား မသေချာပါ။ သားတစ်ယောက်ရှိတာ ကြည့်လေ။

မိန်းမနောက် ကောက်ကောက်ပါပြီး အမေရင်းကို ပြန်လှည့်မကြည့်။ မာနနှင့် လုံးဝမဆက်သွယ်ခဲ့။

ပြန်တွေးလိုက်တိုင်း ဒေါ်စိန်မိုးကြွယ်ရင်ထဲ တဆစ်ဆစ် နာကျင်လာတတ်စမြဲ။

"ဖုံဖုံ အိမ်ကိုလာနိုင်တယ်ဆိုတာ ဘွားကြွယ်သိပါတယ်၊ ဒါပေမယ့် ရုံးခန်းလေးကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ ရောက်အောင်လာကြည့်တာ"

"အို ... ဘွားကြွယ်ကလည်း မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ"

အဘွားကြွယ်စကားကြောင့် ဖုံဖုံ့မျက်လုံးထဲမှာ ရုတ်ခြည်းလို မျက်ရည်တွေ ပြည့်လျှံလာရသည်။

ရေသန့်စက်ထဲက ရေကို ရေဖန်ခွက်ထဲ ခံယူနေရာက အဘွားဖက်လှည့်မကြည့်ရဲသေးဘဲ မျက်တောင်လေး ပုတ်ခတ် ကြွေဆယ်မိသည်။

ဖုံ့ရင်ထဲမှာ ဝမ်းနည်းစိတ်နှင့် နင့်နေရတာ နှစ်လနီးပါးခန့်ရှိခဲ့ပြီ။

ဘွားကြွယ် ကင်ဆာရောဂါ ဖြစ်နေပြီဆိုတာကို သိရတဲ့နေ့ကတည်းက ဖုံဖုံ့ရင်ထဲ ထိခိုက်ပြီး မပျော်နိုင်တော့တာ။

သူမ စိတ်လည်း ပူမိသည်။

ဘွားကြွယ်က ကုမ္ပဏီမှာ အရေးပါအရာရောက်သူ။

ဘွားကြွယ်မရှိတော့ရင် ဖုံတစ်ယောက်တည်း ဘာတွေ ဘယ်လို ရင်ဆိုင်ရမလဲ မစဉ်းစားတတ်ပေ။

အားလည်းကို ... ချစ်လည်း ချစ်ရတဲ့သူကို ဆုံးရှုံးရတော့မည်

မဟုတ်လား။

"ဖိုးဖိုး"

"ရှင်"

ငိုသံမပါအောင် ကြိုးစားထူးရသည်။

"ငါ့ကို ဆေးတိုက်မယ်ဆို ပေးလေ၊ ကော်ဖီတစ်ခွက်ပါ ဖျော်ပေး"

"ကော်ဖီနဲ့ မတည့်ဘူးမို့လား"

"တည့်ပါတယ်အေ၊ သေခါနီး လူဆိုတာ အားလုံးနဲ့တည့်တယ်၊ အားလုံးစားလို့ရတယ်၊ မတည့်တယ်ဆိုတာ မရှိတော့ဘူး။ စားချင်တာအကုန် ဒီရက်ထဲစားမယ်၊ ဆရာဝန်ကိုယ်တိုင်က စားချင်တာစားလို့ Pass ပေးထားပြီးသား"

"ဘွားကလည်း"

"ဩော် … တကယ်ပြောတာ"

အခုတလော နည်းနည်းဇီဇာကြောင်ကာ ပြောမရ ဆိုမရ ဖြစ်နေသော ဘွားကြွယ်သည် သူ့အရင်က ရှောင်ထားရသော ငါးပိကြော်တွေ၊ ငါးခြောက်ဖုတ်တွေ၊ ဒံပေါက်တွေ အကုန်ပြန်စားနေတာလည်း အမှန်ပါ။

သူ့ကို ဘယ်သူကမှလည်းမတား။ ဖိုးလည်း သူစိတ်ချမ်းသာရင်ပြီးရောဆိုပြီး လက်ပိုက်ကြည့်နေရသည်။

ဒေါ်စိန်မိုးကြွယ်သည် ဆေးလုံးတွေကို ပါးစပ်ထဲ ပစ်ထည့်လိုက်၏ ။ တစ်ချက်လေးမှ မရှုံ့မဲ့ပါ။ အေးအေးဆေးဆေးပါပဲ။

ပြီးမှ ကော်ဖီခါးခါးကို အရသာခံကာ တစိမ့်စိမ့်သောက်နေ၏ ။

ဒီလိုကြည့်ရတော့လည်း ဆေးရုံတက်ရတော့မည် လူနာတစ်ယောက်နှင့် မတူပြန်ပါ။

"ဘွား"

"ဟေ"

"ဘွားမြေးက ဖုံဖုံကို သဘောကျပုံမလား၊ ဟိုလေ ဘွားကြွယ် အစီအစဉ်တွေကို သူကျေနပ်ပုံမလား၊ ဖုံ့အပေါ် တစ်မျိုးများ အမြင်စောင်းမလား"

"ဒါတွေ တွေးမနေပါနဲ့အေ၊ ငါကလည်း သူကောင်းဖို့ လုပ်ခဲ့တာပါ၊ သူက ငယ်သေးတယ် မဟုတ်လား"

ဘွားကြွယ်က စားပွဲပေါ်က ဓာတ်ပုံကို ပြန်ကြည့်သည်။

ဓာတ်ပုံထဲမှာ မျက်လုံးစူးစူးတောက်တောက်ပပနှင့် ဂျစ်ကန်ကန် ခြေခွဲရပ်နေတဲ့ ကောင်လေးတစ်ယောက်။

"ငါ့မြေးကို ဖုံဖုံလက်ထဲ အပ်ပါတယ်၊ သမီးက မောင်လေးကို ကြည့်ရှုစောင့်ရှောက်ပါကွယ်၊ ဘွားကြွယ် ဒီကလေးအပေါ် တာဝန်မကျေခဲ့ဘူး၊ အခုတော့ မြေးနဲ့နေဖို့လည်းအချိန်ကမရှိတော့ဘူးလေ၊ ပေးဆပ်ချင်လို့လည်း အပိုပဲပေ့ါ"

ညည်းညည်းညူညူလေး ပြောနေပုံကို ဖုံ မကြည့်ရက်။ အခုတော့ မာန်တွေလျှော့ကာ သူ စိတ်မကောင်းဖြစ်နေပုံရသည်။

"အောင်မိုလင်းကို အကြောင်းကြားထားပြီပဲ၊ သူရောက်လာတော့မှာပါ"

မန္တလေးကို လူလွှတ်ပြီး ဖုံဖုံ ခေါ်ခိုင်းထားပါပြီ။ မသေမီ သူ့မြေးနှင့် တွေ့ဆုံချင်သော အဘွားရဲ့ဆန္ဒတွေ ပြည့်သွားမှာပါ။

"ဘယ်နေ့ ထွက်လာမယ်ပြောသလဲ"

အခုမှ အဘွားကြွယ်က စိတ်လောနေသည်။

သားကို စိတ်နာခဲ့သဖြင့် မြေးကိုပါ ပစ်ထားခဲ့မိတာ။

အခုတော့ ဒါတွေ မြေးလေးနားလည်အောင် ဘယ်လိုရှင်းပြရမလဲ မသိတော့ပါ။ ဘွားအေ ရင်ထဲမှာ အာဃာတတွေလည်း ခမ်းခြောက်သွားပြီ။

"မကြာတော့ပါဘူး ... မနက်ဖြန် မရောက်မလားတောင် မသိဘူး"

"အေး ... အေး ကောင်းတယ်"

ဘွားကြွယ် စိတ်လှုပ်ရှား ဂမ်းသာနေပုံရသည်။

"ဖုံဖုံ"

"ရှင်"

"အောင်ဗိုလင်းက ဘယ်လိုပတ်ဝန်းကျင်မှာ နေထိုင်ကြီးပြင်းရသလဲ မသိဘူး၊ သမီးအပေါ် ဆက်ဆံရေး မယဉ်ကျေး မရည်မွန်ဘူးဆိုရင် ခွင့်လွှတ်ပေးနော်၊ ကုမ္ပဏီလုပ်ငန်းတွေလည်းသမီးပဲ စိတ်ရှည်ရှည်ထားပြီး သင်ပေးပါ၊ သူတစ်ယောက်တည်း လွှတ်မထားပါနဲ့ သမီးရယ်"

"ဟုတ်ကဲ့ပါ ... အဲဒီ အတွက် စိတ်ချပါ"

ဘွားကြွယ်သည် အဓိပ္ပာယ်ပါပါဖြင့် ဖုံဖုံကို စိုက်ကြည့်နေသည်။

နောက်ထပ် ပွင့်ပွင့်လင်းလင်း တစ်ခုခု ထပ်ပြောချင်ပုံ။ သို့သော် နှုတ်က ဘာမှထွက်မလာ။

ဖုံဖုံဖူးကိုသည် ဘာကြောင့်မှန်းမသိ ထိုအချိန်က ရင်ခုန်သံ မြန်ဆန်နေခဲ့သည်။

*

"ကျွန်တော်က ဒေါ်စိန်မိုးကြွယ်ရဲ့ မြေးအရင်း၊ တစ်ဦးတည်းသော

မြေးပါ၊ အဘွားထားခဲ့တဲ့ အမွေအနှစ်တွေ ကျွန်တော်ပဲ ပိုင်ဆိုင်မှာပါဗျာ၊ ခင်ဗျား ဘာပြောချင်သေးလဲ”

သူက သုန်သုန်မှုန်မှုန် မျက်နှာပေးဖြင့် ခပ်တည်တည်ပဲ ဖုံဖုံ့ကို ကြည့်၏ ။

“ကဲ … ပြောစမ်း မင်းအမွေရရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ”

“ဒါကို ခင်ဗျားမပူပါနဲ့၊ ကျွန်တော် အကျိုးရှိရှိသုံးမှာပါ၊ ကျွန်တော် ဖြုန်းတီးပစ်လိမ့်မယ်လို့ အဘွားက ဘာကြောင့်ထင်တယ်ဆိုတာ ကျွန်တော် နားမလည်ဘူး”

“ကုမ္ပဏီကြီးတစ်ခုလုံး အဆင်ပြေပြေ Run ဖို့ဆိုတာ လွယ်တယ်ထင်နေသလား ဗိုလင်း”

အောင်ဗိုလင်းက ပခုံးတွန့်ပြကာ ပမာမခန့်ပုံစံနှင့် သူမကို စိုက်ကြည့်သည်။

ဖုံဖုံဖူးကိုကလည်း မလွှဲဘဲ တန်ပြန်ကြည့်၏ ။

“မင်း ဒီလုပ်ငန်းတွေကို ကိုယ်တိုင်ကြီးကြပ်ပြီး လုပ်ဖို့ ရည်ရွယ်သလား”

“ဒါက ကျွန်တော့်ကိစ္စပါ၊ ကျွန်တော် စဉ်းစားဦးမှာပေ့ါ၊ ကျွန်တော်ပိုင်တဲ့ ကုမ္ပဏီဖြစ်သွားရင် ကိုယ်တိုင် ဆက်လုပ်ချင်လည်း လုပ်မယ်၊ အပြီးလွှဲရောင်းချင်လည်း ရောင်းမယ်”

ဖုံဖုံ မျက်လုံးပြူးသွားရသည်။

ဘုရားရေ … သူက ကုမ္ပဏီကိုတောင် အပြတ်ရောင်းဖို့ အစီအစဉ်နဲ့ပါလား။ ဒါကြောင့်လည်း အဘွားစိန်မိုးကြွယ်က သူ့မြေးကို သူ မယုံခဲ့တာကိုး။

ပြီးတော့ အဘွားကြွယ်နှင့် တစ်သက်လုံးနေခဲ့တဲ့ မြေးမဟုတ်။

လတ်တလောကမှ သွားရောက်ခေါ်ယူ စောင့်ရှောက်လိုက်တဲ့ မြေး။

ဖုံဖုံဖြင့် အဘွားကြွယ်မှာ ဒီလို ခပ်ဆိုးဆိုး တေလေကြမ်းပိုးကျတဲ့ မြေးမျိုး ရှိမည်တောင်မထင်။

သူ့ကို ကားဝယ်ပေးတာတောင် ကောင်းကောင်းမစီး။ ကားအုံနာဘုတ်ကို ပေါင်နှံပြီး သုံးဖြုန်းသတဲ့။

ကြားရတာ နားဝမသက်သာဆိုတာ ဒီဗိုလင်းမှ အစစ်။

ကုမ္ပဏီကို ဆက်ပြီး ထိန်းသိမ်းရတဲ့ ဖုံဖုံမှာ အလိုလို ရင်မောရပါသည်။

သူမရင်ဆိုင်ရတဲ့ ပြဿနာက ကြီးမားသည်။

ဒီကောင်လေးနဲ့ တိုက်ရိုက်ဖိုက်နေရတာ ။

ငါ့မောင်လေးဆိုရင်တော့ ရိုက်ပစ်လိုက်တာကြာပြီဟု သူမက တွေးသည်။

အခုတော့ မကျေမနပ်နှင့်သာ ခပ်တင်းတင်း ကြည့်နေမိသည်။

“မင်းကြီးကြပ်ရင်လည်း အလုပ်ဖြစ်မြောက်မှာ မဟုတ်ပါဘူး”

ဗိုလင်း၏ မျက်လုံးများ အရောင်လက်သွားသည်။

မကျေနပ်သည့် အရိပ်အယောင်ပါ။

အပြောကြီးလှတဲ့ မိန်းမ၊ သူ့ကိုယ်သူ ဘာမှတ်နေလည်း မသိပါ။

အတွင်းရေးမှူးနှင့် အဘွားရဲ့ ကိုယ်ရေးအကြံပေးကနေ ကုမ္ပဏီတစ်ခုလုံးကို ပါဝါကုန်လွှဲယူခံရတော့ ဘဝင်မြင့်နေသည်။

အမှန်တော့ ဖုံဖုံမိဘတွေက ပိုက်ဆံချမ်းသာကြွယ်ဝပြီး ရာထူးဂုဏ်ရှိခဲ့သူပါ။ ခုထက်ထိ လည်း အမွေသိန်းပေါင်းများစွာ ပိုင်ဆိုင်ဆဲပါ။

ဒါပေမယ့် ဖုံဖုံက စီးပွားရေးမလုပ် သူပိုင်ခြံနှင့်တိုက်ကို နိုင်ငံခြားသားကို ငှားစား၍ သူကတော့ အဘွားရဲ့ကုမ္ပဏီမှာ အလုပ်ဝင်တာ။

"ကျွန်တော်ကြိုးစားလိုက်ရင် ခဏလေးနဲ့ ကုမ္ပဏီအလုပ်တွေ နားလည်သွားမှာပါ"

ဗိုလင်းအသံက ခပ်ပေါ့ပေါ့။

ဖုံဖုံက နှာခေါင်းလေးရှုံ့သည်။

သင်းပုံစံနဲ့လား ဖြစ်မှာလား၊ ဝေးသေး။

"ဒါတွေ နောက်မှပြောတာပေါ့၊ အခု ငါ မင်းနဲ့ အငြင်းအခုန်ပြောဖို့ အချိန်မရဘူး"

"ဝမ်းသာပါတယ်၊ ကျွန်တော်လည်းကိစ္စရှိသေးတယ်၊ နောက်တစ်ရက်နှစ်ရက်မှ ထပ်ဆွေးနွေးတာပေါ့"

ပြောပုံက ကြီးကြီးကျယ်ကျယ်။

ဟွန်း ... ကိစ္စရှိတယ်တဲ့။

မင်း ဒီအခန်းထဲက ထွက်သွားတာနဲ့ ဘာလုပ်မယ်ဆိုတာ ငါသိပါတယ်။ ဟိုတယ်တကာတက်ပြီး ကဲဖို့ပဲ မဟုတ်လား။

လူငယ်တွေ၏ မျှော်လင့်ချက်ကို ဒီအမျိုးသမီး နားလည်မှာမဟုတ်။ သူ့မှာ အနာဂတ်ရည် မှန်းချက် ရှိပြီးသား။

ဒေါ်ဖုံဖုံက ကုမ္ပဏီကို ထိန်းသိမ်းထားသဖြင့် ခါးခါးသီးသီး မကျေမနပ် ဖြစ်နေမိသည်။

အဘွားကြွယ်ရဲ့ အိမ်ကြီးကိုလည်း ဒေါ်လာနှင့်ငှားထားလိုက်ပြီ။ ထိုငွေတွေကိုလည်း ကုမ္ပဏီ တိုးတက်ဖို့ သုံးထားပြီ။ နှစ်ချုပ်သုံးနှစ်ပြည့်မှသာ

သူအမွေခံစားရမှာ။

ထိုမိန်းမက အဘွားကြွယ်ကို ကြိုးကိုင်တာပဲဖြစ်မှာ။ ဗိုလင်းသည် အခြေအနေအရပ်ရပ်ကို အတော်မခံချင်ဖြစ်မိသည်။

သူ့မှာတော့ စီးရီးတစ်ခွေလေး လုပ်ချင်တာတောင် မလုပ်နိုင်။

သူငွေးမကြီး ဒေါ်စိန်မိုးကြွယ်၏ တစ်ဦးတည်းသောမြေးဖြစ်ပေမယ့် သူ့မှာ ကိုယ်ပိုင်အခွင့်အရေးမရှိ။

ပြီးတော့ သူ့ကို အုပ်ထိန်းသူအဖြစ် ဒေါ်ဖုံဖုံကို အပ်ထားခဲ့သေးသည်။

စီးပွားရေးလုပ်ငန်းရော၊ ပစ္စည်းဥစ္စာရော ပေါင်းစပ်လိုက်လျှင် အဘွားထားခဲ့မည့် အမွေအနှစ်များမှာ နည်းနည်းနောနော မဟုတ်ပါ။

သိန်းထောင်ပေါင်းများစွာ။

ဒါပေမယ့် အဘွားက လှူဒါန်းမပစ်ခဲ့တာပဲ တော်ပါသေး၏ ။ အတော်အသင့်ပဲ လှူဒါန်းခဲ့ပြီး အောင်ဗိုလင်းအတွက် ထားခဲ့သည်။

သားနှင့် ချွေးမတုန်းက စိတ်နာနိုင်ပေမယ့် သူ့မြေး အောင်ဗိုလင်းကိုတော့ စိတ်မနာနိုင်ဟု ဆိုရမည်။

ဒါပေမယ့် သူ့ကို အရင်က မဆက်သွယ်ခဲ့။

သူ့မိဘတွေ ဆုံးပါးကွယ်လွန်ပြီးမှ အဘွားကြွယ်က သူ့ကို စုံစမ်းဆက်သွယ်ခဲ့တာပါ။

အစကတော့ သူ့မှာ ဒီလို ချမ်းသာကြွယ်ဝတဲ့ အဘွားရှိသေးတယ်ဆိုတာ ဗိုလင်း ယုံတောင်မယုံ။

အဘွားက ထက်ထက်မြက်မြက်နှင့် အမွေအနှစ်ကို ထိန်းသိမ်းကာ တိုးပွားသည်ထက် တိုးပွားအောင် လုပ်ခဲ့သည်။

သူ့မြေးရောက်လာလျှင် အဘွားကြွယ်က သူ့ပစ္စည်းတွေ လျော့ပါးအောင် သုံးဖြုန်းပစ်မလား စိုးရိမ်သည်။ ထို့ကြောင့် ဒေါ်ဖုံဖုံကိုသာ ယုံကြည်စွာ လွှဲအပ်ခဲ့သည်တဲ့။ ဘယ်မျှ ခံပြင်းစရာ ကောင်းသလဲ။

"ကျွန်တော် ပြန်ပြီ"

ထိုတစ်ခွန်းနှုတ်ဆက်၍ ဗိုလင်း က သူမ ရုံးခန်းထဲမှ ခြေသံပြင်းပြင်းနှင့် ထွက်ခွာခဲ့ပါသည်။

*

"မန္တလေးကအိမ်ကို ကျွန်တော် မရောင်းခဲ့ရသေးဘူး၊ အခု ဒီမှာ ဟိုတယ်မှာ ဘယ်နှစ်ရက်ကြာပြီလဲ၊ အဘွားဆုံးကတည်းကပဲ၊ အဘွားပိုင်တဲ့ တိုက်ခန်း ကျွန်တော့်ကိုပေး၊ ကျွန်တော် သေချာပြင်ပြီးနေမယ်"

ဖုန်းထဲကနေ တောင်းဆိုလိုက်သံကြောင့် ဖုံဖုံ မျက်မှောင်ကုတ်ရသည်။

ရန်ကုန်လာပြီး သုံးမယ်ဖြုန်းမယ်ဆိုတဲ့ စတိုင်လ်ကများ

"ဒေါ်ဖုံဖုံ"

"ပြော"

"ခင်ဗျားကြားလား"

"ဘာကိုလဲ"

"ဒါမှမဟုတ်ရင် ရန်ကုန်မှာ ကျွန်တော် အိမ်ဝယ်မှဖြစ်မယ်"

"မဟုတ်တာဘဲ၊ အချိန်တန်ရင် အဘွားကြွယ် ငှားခဲ့တဲ့ ခြံနဲ့တိုက်ကို မင်းရမှာပဲ"

သူ က စိတ်လှုပ်ရှားသလို …

“ဒါပေမယ့် အခု ဘယ်မှာသွားနေမလဲ၊ အဘွားဝယ်ထားတဲ့ အခန်းတစ်ခန်း လောလောဆယ်ပေး၊ ဒါပဲ”

“အဲဒါတွေလည်း ငှားထားတာပဲ”

“ဗျာ”

“စမ်းချောင်းက အခန်းတစ်ခုကတော့ ရှေ့လဆန်း နှစ်ချုပ်ပြည့်မယ်၊ အဲဒီ အငှားတွေ ဆင်းတော့မှ မင်းတက်နေပေါ့”

“လောလောဆယ် ဟိုတယ်မှာပဲ ဆက်နေရမှာပေါ့၊ ပြီးတော့မှ ခင်ဗျား ကျွန်တော့်ကို ပိုက်ဆံဖြုန်းတယ် ဘာညာ မပြောနဲ့နော်”

သူက သူ့ငွေးကြီးပုံစံဖြင့် မြောက်ကြွကြွဆိုသည်။

“အေးလေ … ဆက်ပြီးတော့ နေဦးပေါ့”

“ဒါဆို ဘဏ်ကနေ ငွေလွှဲပေးလိုက်”

“မင်းမှာရှိဦးမှာပေါ့၊ ပထမတစ်ခေါက် ဆယ်သိန်းထုတ်ထားတာ ဘာကြာသေးလို့လဲ”

“အစစအရာရာ အသုံးစရိတ်ကြီးတယ်ဗျာ၊ လေးငါးဆယ်သိန်းက ဘာသုံးရမှာလဲ”

ပြောပုံက အထက်စီးဆန်ဆန်။ တော်တော် ဘဝင်မြင့်အောက်ခြေလွတ်နေတဲ့ ကောင်လေး။

“ကောင်းပြီလေ … ငါစဉ်းစားမယ်”

“ညနေ … ဒီကို ဖုန်းပြန်ဆက်ပေးမလား၊ ကျွန်တော် ညနေ ဆန်းမစ်(summit) မှာ ရှိမယ်”

"ဟင် ... ဆန်းမစ် ဟိုတယ်ကို ရောက်သွားပြီလား စင်ထရယ်မှာ မဟုတ်တော့ဘူးလား"

"ဟိုတယ်ပြောင်းလိုက်ပြီ"

"ဟောတော့ ... မင်း ရန်ကုန်မှာ ဟိုတယ်တစ်ခုပြီးတစ်ခု ဘာကြောင့် ပြောင်းနေတာလဲ၊ နည်းနည်းဈေးချိုတဲ့နေရာမှာ ငြိမ်ငြိမ်နေလိုက်လေ၊ ဒီတစ်လပဲ အပြင်မှာနေရမှာပဲ"

"တိုက်ခန်းပြင်ပြီးမှ ကျွန်တော်ပြောင်းနေမှာ"

"သြော် ... အခန်းပြင်တာ နေရင်းနဲ့မှ ပြင်ပေ့ါ၊ မင်း တစ်ယောက်တည်းဥစ္စာ"

"ကျွန်တော် မိန်းမယူချင်လည်း ယူမှာပေ့ါ"

မခိုးမခန့် ရယ်သံနှင့် ဆိုတာမို့ ဖုံဖုံ သူ့ကို အော်ပစ်ချင်စိတ် ပေါက်လာရ၏။

တစ်ယောက်တည်း မျက်စောင်းခဲမိသည်။

နှစ်ဆယ်ကျော် အရွယ်လေးနဲ့ ပြောတဲ့စကားကိုကြည့် စည်းလွတ်ဝါးလွတ်နှင့်။

"ကဲပါ ... သိပ်လည်း မစိုးရိမ်ပါနဲ့၊ အခုလောလောဆယ်တော့ မယူသေးပါဘူး၊ ကုမ္ပဏီ လုပ်ငန်းတွေ နားလည်ပြီး ပိုင်ရှင်ဖြစ်မှ ကြိုက်တဲ့ မိန်းမ ခေါင်းခေါက်ရွေးယူမှာ"

သူကပဲတပြန် ခေါင်းခေါက်ဦးမတဲ့။

သူ့လို ပရမ်းပတာ ပေါက်ကျော်မတွေသာ သူ့ကိုယူဖို့ စဉ်းစားမှာပေ့ါ။

"ကျွန်တော်ဗိုက်ဆာပြီ ထမင်းသွားစားလိုက်ဦးမယ်ဗျာ၊ ဘိုင့်ဘိုင်"

လိုရင်းပြောပြီးလျှင် ဗိုလင်းက ဖုန်းချသွားပါသည်။

ပိုက်ဆံချမ်းသာပြီး စိတ်ထင်တိုင်း လွတ်လပ်မှုရနေသော ချာတိတ်ငယ်ငယ်လေးဟာ မလွယ်ပါ။

အထိန်းအကွပ်မရှိလျှင် ပျက်စီးသွားနိုင်သည်။ ဒါကြောင့် ဘွားကြွယ်က တဖွဖွမှာခဲ့တာ။

သူ့မြေးကို တတ်နိုင်သမျှ ကြည့်ရှုစောင့်ရှောက် ပဲ့ကိုင်လမ်းညွှန်ပေးပါတဲ့။

သမီး ဖုံဖုံကို အဘွားယုံတယ်၊ သမီးလက်ထဲ ငါ့မြေးဗိုလင်းကို အပ်ပါတယ်၊ သူ့ခမျာ တစ်သက်လုံး ချို့ချို့တဲ့တဲ့ နေခဲ့ရတဲ့ ကလေးလေးပါ။

“အမြင်မတော်တာရှိရင် သမီးက မောင်လေးလို သဘောထားပြီးသွန်သင်ပါနော်” တဲ့။

ဖုံဖုံဖူးကိုသည် အဘွားကြွယ်၏ စကားများကို ပြန်လည်ကြားယောင်ကာ မောလျသော ပင့်သက်လေး တစ်ရှိုက်ကို ရှိုက်မိလေသည်။

ဗိုလင်းက သူမထင်တာထက်ပင် ဆိုးနေသည်မဟုတ်လား။

*

အောင်ဗိုလင်းသည် ပိတ်ထားသော အိမ်တံခါးသော့ကို ဖွင့်ဝင်လိုက်တာနှင့် မာမီ့ကိုပြေး၍ သတိရလိုက်မိပါသည်။

ဒီအိမ်လေးထဲမှာ သူနှင့်မာမီ ပျော်ပျော်နေခဲ့ဖူးသည်။ ဧည့်ခန်းထဲမှာ သူတို့မိသားစုသုံးယောက်ရဲ့ ဓါတ်ပုံကြီးကို ချိတ်ဆွဲထားသည်။ ဗိုလင်းက ဓါတ်ပုံကို

တစ်ချက်မော့ကြည့်ရင်း ရင်မှာ ဆွေးမြမြခံစားရသည်။

မာမီနှင့် သူဟာ အနှစ်နှစ်ဆယ်အထိပဲ အတူနေရဖို့ ကံပါလာသည်။

မာမီဆုံးတော့ အသက်က လေးဆယ့်ငါးနှစ်ပဲ ရှိပါသေးသည်။

နေမယ်ဆိုရင် နေနိုင်ပါသေးသည်။

မာမီ ဘာကြောင့် လူ့လောကကြီးထဲကနေ စောစောစီးစီး စွန့်ခွာထွက်ပြေးသွားရသလဲ သူနားမလည်။

တကယ်ဆို ဗိုလင်းရဲ့ မိခင်လောက် ဘဝမှာ ပျော်ပျော်နေတတ်သူ ရှိမည်မထင်ပါ။

အစဉ်အမြဲ နုပျိုနေသည်။ အလွန်လည်း ချောမောလှပခေတ်မီသည်။ နှုတ်ခမ်းမှာ အပြုံးလေးတစ်ခုကို ထာဝရစဉ် ဆောင်ထားတတ်သူ။

မာမီသည် ငယ်ရွယ်စဉ်က အငြိမ့်မင်းသမီးဖြစ်သည်။ အကပညာကျွမ်းကျင်သည်။ ရုပ်ရှင်ဇာတ်ကားတွေမှာ အရံမင်းသမီးအဖြစ်လည်း ပါဝင်ဖူးသည်။

တီးဝိုင်းအဖွဲ့နှင့်လည်းသီချင်းလိုက်ဆိုသည်။

ဝါသနာပါတဲ့ အနုပညာတွေက စုံလို့ပါပဲ။

စန္ဒယားလည်း အနည်းငယ်တီးတတ်သည်။

ဂစ်တာတီးခတ်ပုံကိုလည်း နားလည်သည်။

နောက်ဆုံး ဗိုလင်းတို့သူငယ်ချင်းတွေ ဂစ်တာဝိုင်းဖွဲ့တီးခတ်တဲ့ညဆို မာမီလည်း ပါဝင်သည်။

မိန်းကလေးသီချင်းတွေ ဝင်ဆိုတုန်းပါ။ အခုပေါ်လာတဲ့ Hip Hop (ဟစ်ဟော့)ဆိုလည်း မာမီ ခံစားပေးတတ်သည်။

ဘယ်သူတွေ ဘာပဲပြောပြော သူ့မိခင်အတွက် ဗိုလင်း ဂုဏ်ယူသည်။ သူနှင့် သူငယ်ချင်းလို ပေါင်းသည်။

"မာမီရေ ... သား စီးကရက်တွေ ဘယ်ရောက်ကုန်လဲ၊ ဒါ ဗူးသစ်မဟုတ်လား၊ ညကမှ ဝယ်လာတာ၊ သုံးလိပ်ပဲကျန်တယ်။ ကြည့်စမ်း ... မာမီသောက်လိုက်တာလား"

"အေး ... ဟုတ်တယ် သားလေး၊ ညကသောက်လိုက်တယ်"

"မာမီကလည်း"

"အဟွတ် ... ဟွတ် သားလေး မသောက်ဖြစ်တော့ဘူးပေ့ါ၊ ဟင်း ... ဟင်း "

ချောင်းဆိုးသံနှင့် သူ့ကို ရယ်မောပါသည်။

"အရမ်းစွပ်မသောက်နဲ့ မာမီရ၊ ခုတလော ချောင်းတွေ တအားဆိုးနေတယ် မဟုတ်လား"

"အမယ်လေး ... ငါ့သားလေးက ငါ့ကို ဂရုစိုက်ပါလား၊ ချစ်ဖို့ကောင်းတဲ့သား"

သူ့ပါးကို ရွှတ်ခနဲ လှမ်းမွှေးသည်။

မာမီဟာ အသက်နှစ်ဆယ်အထိ ဗိုလင်းကို နှေ့စဉ် တရွှတ်ရွှတ် နမ်းရှိုက်တုန်းပါ။

သူငယ်ချင်းတွေရှေ့လည်း နမ်းသည်။ အစက သူငယ်ချင်းတွေက သူ့ကို ဟားသေးသည်။ နောက်တော့လည်း သူတို့သားအမိရဲ့ ချစ်ခင်နွေးထွေးနီးကပ်ပုံကို မလိုတမာနှင့် အားတွေကျကုန်တာပါပဲ။

"မင်းအမေလို အမေမျိုးကတော့ ရှားတယ်"

"ဟုတ်တယ် … သူချစ်တတ်ပုံက သိပ်ပွင့်လင်းတယ်"

ရင်းနှီးလွန်းလို့ တစ်ခါတလေ မာမီ့ကို သူ ပြန်ဟောက်မိမှာစိုးလို့ ဘရိတ်အုပ်ရသေးသည်။

မာမီက ခရီးသွားချင်လည်း သွားလိုက်တာပဲ။

စာအုပ်ဖတ်တာ၊ ပန်းချီဆွဲတာ၊ ဓါတ်ပုံရိုက်တာ မာမီအကုန်စိတ်ဝင်စားသည်။

အားလျှင် သူစိတ်ဝင်စားတဲ့ အနုပညာနှင့် နေမည်။

အိမ်မှုကိစ္စကတော့ အမေ သိပ်အလေးမထား။

သားအမိနှစ်ယောက်ထဲရှိသော သူတို့အိမ်ဟာ အမြဲတမ်း ဖုန်တက်ပွရှုပ်နေတတ်သည်။

အဝတ်လျှော်သန့်ရှင်းရေး လာလုပ်တဲ့ မိန်းမလာချိန်တစ်ချက်ပဲ အိမ်ကရှင်းသည်။

သို့သော် ဂရံတာကျယ်ကျယ်နှင့် ဘန်ဂလိုပုံစံ သူတို့ရဲ့ သစ်သားအိမ်ကလေးကို ဗိုလင်း အလွန်နှစ်သက်သဘောကျသည်။

အိပ်ခန်းနှစ်ခန်းနှင့် ပရိဘောဂ အပြည့်အစုံနှင့်ပါ။ အရင်က ဒက်ဒီပို့ပေးသော ပိုက်ဆံတွေနှင့် လိုချင်တာဝယ်ယူနိုင်သော ဗိုလင်းတို့ဘဝဟာ ချမ်းသာသည်ဟု မဆိုနိုင်သော်လည်း ဆင်းတောင့်ဆင်းရဲလည်း မဟုတ်ပါ။

အသင့်အတင့်တော့ လူတန်းစေ့နေနိုင်ခဲ့ပါသည်။

မာမီသည် ဒက်ဒီ့ကို ဒုတိယအိမ်ထောင်အဖြစ် ယူခဲ့တာဖြစ်သည်။

အရင်က အိမ်ထောင်တစ်ဆက် ရှိဖူးသည်။

အငြိမ့်မင်းသမီးလည်းဖြစ်၊ တစ်ခုလပ်လည်းဖြစ်တာကြောင့်

ဒက်ဒီရဲ့အမေက ဒက်ဒီနှင့် သဘောမတူဘဲ အမွေပြတ်စွန့်လွှတ်ခဲ့သည်ဟု ဆိုသည်။

ဒက်ဒီ့အမေ ဗိုလင်းအဘွားဟာ အင်မတန် စည်းကမ်းတိကျပြီး ထက်ထက်မြက်မြက်နှင့် စီးပွားရေးကို ကိုယ်တိုင်လုပ်ဆောင်သည်ဟု ကြားဖူးသည်။

သို့သော် မာမီ့ကို ပေါ့သွပ်သွပ် မိန်းမဟု တန်ဖိုးမထား၊ ချွေးမ မတော်ချင်ဘဲ စွန့်ပစ်ထားသော အဘွားကို ဗိုလင်း မကျေနပ်ပါ။ ကလေးဘဝကတည်းက မုန်းချင်သည်။

ဒက်ဒီကလည်း မာနကြီးသည်။ သူ့အမေကို ဘယ်တုန်းကမှ မဆက်သွယ်။ ဘယ်လောက်ပဲ အခက်အခဲကြုံကြုံ ကိုယ်တိုင် ရုန်းကန်ကြိုးစားသည်။

သားပစ် မယားပစ်နှင့် နိုင်ငံရပ်ခြားထိသွားကာ ဝင်ငွေရအောင် ကြိုးပမ်းသည်။

ဟိုကနေ လစဉ် ပိုက်ဆံလှမ်းပို့သည်။

သူတို့သားအမိကို မျက်နှာမငယ်ရအောင်ထား၏ ။

မာမီက အသုံးအဖြုန်းနည်းနည်းများလို့သာ ဘာမှသိပ်မစုဆောင်းမိတာပါ။

ဒါပေမယ့် အမေတူသားမို့ ဗိုလင်းလည်း ပိုက်ဆံသုံးတာလက်ဖွာချင်သည်။

အပေါင်းအသင်းနှင့် စားကြသောက်ကြပြီဆို သူပဲ အားနာနာနှင့် ထုတ်ရှင်းတတ်သည်။

သူကပဲ ကျွေးလိုက်ချင်သော စေတနာမျိုးရှိသည်။

မာမီလည်း ဒီအတိုင်းပါပဲ။ ပိုက်ဆံကို ကပ်စေးမနည်း သိပ်လည်း မထိန်းချုပ်။

သူတို့သားအမိကို ကြည့်လိုက်လျှင် အမြဲလွတ်လပ်ပေ့ါပါးပြီး အပူအပင်ကင်းလျက် ပျော်ရွှင်စိတ်ချမ်းသာနေတာ မြင်ရမည်။

သားအမိနှစ်ယောက်သား ရှော့ပင်ထွက်ကြ၊ လည်ကြ ပတ်ကြနှင့်ပါ။

ထမင်းဟင်းလည်း အိမ်မှာ သိပ်မချက်စား။ အပြင်မှာ စားသောက်တာများသည်။

သကြ်ာန်အခါမျိုးဆိုလျှင် ဗိုလင်းရော သူ့မာမီရောဟာ အပြိုင်ကဲကြပါသည်။

မာမီနှင့် ဗိုလင်းက မောင်နှမဆိုလျှင် ယုံနိုင်လောက်သည်။ မာမီက ကြည့်လျှင် အသက်သုံး ဆယ်လောက်ပဲ ထင်ရသည်။ ခန္ဓာကိုယ်ကလည်း မိန်းမငယ်လေးတစ်ယောက်လို ခပ်သွယ်သွယ်နှင့် အချိုးကျလှပဆဲမို့ ရေကစားမဏ္ဍပ်မှာဆို ဗိုလင်းက မာမီနှင့်အတူ စင်မြင့်တစ်ခုထဲ မကဲရဲ။

မာမီက ဒီဖက်စင်ဆို သူက ဟိုဖက်စင်ပေါ် သွားကဲရပါသည်။

ဒီဖက်မှာ မာမီကလည်းက ၊ ဟိုဖက်မှာ သူကလည်း Dancer လုပ်ရင်းနှင့် စိတ်ကူကိုယ်တူ သားအမိ။

ဘယ်တော့မှ တစ်ယောက်နှင့်တစ်ယောက် အပြစ်မပြော။ မှားနေလျှင်တောင် တည့်မတ်ပေးရုံ။ စေတနာစကားနှင့် ဖျောင်းဖျရုံပါ။

အခုတော့ သူ့ကို ရဲဘော်ရဲဖက်လို ချစ်သော မိခင်ပီသစွာ အနွံ့အတာခံသော သူ့သဘော သူ့စိတ်တိုင်းကျ ဘာမဆို အလိုလိုက်အကြိုက်ဆောင်သော သူ့ခံစားချက်ကို အသေးအဖွဲ့လေးကအစ နားလည်ဦးစားပေးတတ်သော၊ သူ့မျက်နှာကို တစ်ချက်ကလေးမှ အညိုးမခံတတ်သော။ သူပင်ပန်းဆင်းရဲမှာကို အသေအလဲ စိုးရိမ်ကာကွယ်တတ်သော သူ့မိခင်ဟာ သူ့အနားမှာ မရှိတော့ပါ။

သူ့ကို အပြီးတိုင် ထားသွားခဲ့ပြီ။

ရင်ထဲ တစ်စ တစ်စ ပိုနင့်လာကာ ဗိုလင်း မျက်လုံးအိမ်ထဲ မျက်ရည်တို့ ရစ်ဝဲလာရပါသည်။

"မာမီ "

သူတိုးတိုးလေး ခေါ်ငင်မိသည်။

"မာမီ ... သားကို အဘွားက ဆက်သွယ်နေပြီ၊ သူနေမကောင်းဘူး၊ ရန်ကုန်ကို လာခဲ့ပါတဲ့၊ သား သွားရမလား၊ သွားသင့်သလား မာမီ၊ မာမီ့ကိုမုန်းတဲ့ အဘွားကြီးကို သွားကြည့်ရမလားဟင် ပြောစမ်းပါ"

ဗိုလင်းသည် မာမီ သက်ရှိထင်ရှားရှိနေစဉ်တုန်းကလို နှုတ်က တတွတ်တွတ်နှင့် တိုင်ပင်နေမိသည်။

အရင်ကလည်း ဘာမဆို တိုင်ပင်အကြံတောင်းခဲ့တာပဲ။

ဓာတ်ပုံထဲက သူ့မာမီက ပြုံးရုံ ပြုံးနေသည်။

သူ့ကို ဘာမှအကြံမပေးနိုင်တော့ပါ။

အဘွားကသာ ဒီထက်စောစော ဆက်သွယ်ခေါ်ယူခဲ့လျှင် ဘယ်မျှကောင်းလိုက်မလဲ။

အခုတော့ မာမီဆုံးပါးကွယ်လွန်သွားတာပင် ခြောက်လကျော်ခဲ့ပြီ မဟုတ်လား။

ဒက်ဒီကတော့ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက နိုင်ငံခြားမှာ ကွယ်လွန်ခဲ့သည်။

ချမ်းသာတယ်ဆိုတဲ့ ဘွားအေဟာ အချိန်လွန်မှ ဘာကြောင့် သူ့ကို လှမ်းခေါ်ရတာ လဲ။

ရောဂါဝေဒနာခံစားနေရသော မာမီ့ကို ဗိုလင်း တတ်နိုင်သမျှတော့ ဆေးကုပေးတာပဲ၊ ဒါပေမယ့် အကောင်းဆုံးဆိုတာတွေတော့ လုပ်မပေးနိုင်ခဲ့။ ထို့ကြောင့် ယခုလို ရန်ကုန်သွားရမည်ဆိုတော့ ဗိုလင်း စိတ်မကောင်းနိုင်း။

တကယ်ဆို အဘွားထံသို့ သားအမိနှစ်ဦး အတူတူသွားသင့်တာ မဟုတ်လား။

ယခုတော့ ဗိုလင်းတစ်ယောက်တည်း ထွက်ခွာရမည်။

ရင်ထဲမှာ ဖော်ပြမရအောင် ကြေကွဲနေမိသည်။

အဘွားရဲ့အနားမှာ တစ်ချိန်လုံးရှိနေတဲ့ ဒေါ်ဖုံဖုံဖူးကို ဆိုတဲ့ မိန်းမကသူ့ကို အမြန်ဆုံးလာဖို့ ခေါ်နေပြီ။

မင်းအဘွားရဲ့ အသက်ကို မှီချင်ရင် ချက်ချင်းရောက်အောင်လာပါတဲ့။ လေယာဉ်နဲ့သာ လာခဲ့ပါဆိုပြီး လေယာဉ်လက်မှတ်ပင် သူ့ထံပို့ပေးထားသည်။

မနက်ဖြန် အောင်ဗိုလင်း ခရီးထွက်ရတော့မည်။

တစ်ဦးတည်းသော မြေးဖြစ်သူကို ဒေါ်စိန်မိုးကြွယ်က စောင့်မျှော်နေသည်တဲ့လေ။

*